# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၈) ရက် ၊ ကြာသပတေးနေ့ ၊ (4-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၅၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်



**နေပြည်တော် ဇန်နဝါရီ ၃**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အားကစားအသင်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ ☞

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား တံခွန်ဖိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။**

ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်
အယ်ဒီတာ့အာဘော်

# လွတ်လပ်ရေးအမွေ ကမ္ဘာတည်သရွေ့ လက်တွဲထိန်းသိမ်း

ယနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်မင်္ဂလာအခါသမယဖြစ်ပါသည်။ နှစ်ပေါင်း ၁၀၀ ကျော်မျှ တိုင်းတစ်ပါးလက်အောက် ခံသူ့ကျွန်ဘဝတွင် မနေချင်ကြ၍ အမြော်အမြင်ရှိသောခေါင်းဆောင်တို့၏ဦးဆောင်မှု၊ တိုင်းရင်းသားများ ချစ်ကြည်စည်းလုံးညီညွတ်မှုစွမ်းပကားတို့ဖြင့် အမိနိုင်ငံတော်ကိုလွတ်လပ်သော အချုပ်အခြာပိုင်နိုင်ငံတော်အဖြစ် ပြန်လည်ရယူနိုင်ခဲ့သည့် အမှတ်ရစရာမြတ်နိုးတန်ဖိုးထားရမည့် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရားကြီးတို့လက်ထက်တွင် ဘုရင့်နိုင်ငံတော်အဖြစ် စည်းလုံးညီညွတ်မှုရှိကြသည့်နည်းတူ နိုင်ငံ၏ဂုဏ်ရောင်ထွန်းပြောင်ခဲ့ပါသည်။ ကုန်းဘောင်ခေတ်နှောင်း၌ နိုင်ငံအတွင်း စည်းလုံးညီညွတ်မှုအားနည်းနေချိန်တွင် ကိုလိုနီနယ်ချဲ့တို့သည် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲခဲ့ပြီးနောက် တစ်နိုင်ငံလုံးသူ့ကျွန်ဘဝကို ရင်နာဖွယ်ရောက်ရှိခဲ့ရသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသောကဏ္ဍအသီးသီးတွင် နည်းမျိုးစုံဖြင့် ဖိနှိပ်မှုနှိမ်ချဆက်ဆံမှုတို့အပြင် ကုပ်သွေးစုပ်အမြတ်ထုတ်ခြယ်လှယ်ခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံကို ကိုလိုနီသက်ဆိုးရှည်စေရန် တောင်ပေါ်မြေပြန့်သွေးခွဲအုပ်ချုပ်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်းသွေးကွဲအောင် စနစ်တကျသွေးခွဲသပ်လျှိုမှုများပြုလုပ်ခဲ့ကြသည်။

ထိုသို့သောအခြေအနေများတွင် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ ဦးဆောင်မှု၊ တိုင်းရင်းသားညီအစ်ကိုများ၏ သွေးစည်းညီညွတ်မှုတို့ဖြင့် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်။ လွတ်လပ်ရေးရခဲ့ပြီးနောက်ပိုင်းတွင် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုအကျိုးဆက်က ယနေ့တိုင် ထင်ကျန်နေဆဲဖြစ်ပြီး နိုင်ငံတွင်း၌ လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံ ပေါ်ပေါက်လာခဲ့ရသည့်အပြင် နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လျှောက်လှမ်းရာတွင် ခလုတ်တံသင်းသဖွယ် ဖြစ်ပေါ်နေရသည်။

လွတ်လပ်ရေးဟူသည် နိုင်ငံအတွက် ပြီးပြည့်စုံသော ပန်းတိုင်ရောက်သွားခြင်းမဟုတ်ဘဲ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်စေရန် အခြေအနေကောင်းဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကျရောက်သည့် ၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့၊ အမျိုးသားဦးတည်ချက်များနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားပြည်သူအပေါင်း စုစည်းညီညွတ်မှုအားဖြင့် ကျရာတာဝန်အသီးသီးကို ဦးလည်မသုန် ဆက်လက်ထမ်းရွက်ကြရမည်ဖြစ်ပါသည်။

လွတ်လပ်ရေးဆိုသည်မှာ တန်ဖိုးမထားပါက လျှပ်တစ်ပြက်အတွင်း ဆုံးရှုံးသွားနိုင်ပါသည်။ ဆုံးရှုံးပြီးမှ ပြန်လည်ရယူရန်အတွက် ကြိုးစားရသည့်အခါ နှစ်နှင့်ချီကြာရှည်ပြီး သွေးချွေးများစွာ ရင်းနှီးပေးဆပ်ရတတ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ရရှိပြီးသော လွတ်လပ်ရေးအမွေကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ အတူလက်တွဲထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ရွှေကူ၊ ကသာနှင့် ဗန်းမော်မြို့တို့သို့ ဒီဇင်ဘာလအတွင်း ကုန်စည်တင်ပို့သည့်ရေယာဉ်အစီးရေ ၈၀ ထိရှိ



**မန္တလေး ဇန်နဝါရီ ၃**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ရွှေကူ၊ ကသာနှင့် ဗန်းမော်မြို့တို့သို့ ဒီဇင်ဘာလအတွင်း ကုန်စည်တင်ပို့သည့် ရေယာဉ်အစီးရေ ၈၀ ထိရှိကြောင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ရွှေကူ၊ ကသာနှင့် ဗန်းမော်မြို့တို့သို့ ဒီဇင်ဘာလအတွင်း ပြောင်းဆန်၊ သကြား၊ တင်လဲရည်၊ ဘိလပ်မြေ၊ ဆား၊ ထုံး စသည့်ကုန်စည်များတင်ပို့သည့် ကုန်တင်ရေယာဉ်အစီးရေ ၈၀ ထိရှိခဲ့ကြောင်း သိရသည်။

"အခုက ရောဝတီမြစ်ရေနည်းချိန်ဖြစ်ပေမဲ့ ကုန်စည်ရရှိမှုက တော်တော်လေး ကောင်းမွန်ခဲ့ပါတယ်။ မန္တလေးဆိပ်ကမ်းကနေ အများဆုံးတင်ပို့ရတဲ့ ကုန်စည်တွေကတော့ ဘိလပ်မြေ၊ တင်လဲရည်နဲ့ သကြားတို့ဖြစ်ပါတယ်"ဟု ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ရွှေကူ၊ ကသာနှင့် ဗန်းမော်မြို့တို့သို့ ဒီဇင်ဘာလအတွင်း တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၃၂၃၇၁ ဒသမ ၉၃ တန်၊ ပြောင်းဆန်တန်ချိန် ၁၈၆၂၄ ဒသမ ၆ တန်၊ ကျောက်စရစ်ကျင်းအရေအတွက်မှာ ၃၁၅၀၊ တင်လဲရည်တန် ၈၀၀၊ သကြား ၁၇၉၅၉ ဒသမ ၈၅ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းတွင် ယခုလက်ရှိတင်ပို့ရသည့် ကုန်စည်များပြားလာခြင်းကြောင့် ရေယာဉ်များပေါ်တွင် ကုန်စည်များကို သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်မှုများမပြုလုပ်ကြရန် လိုအပ်ကြောင်း၊ ရေယာဉ်၏အရွယ်အစားနှင့်မချိန်ဘဲ ကုန်များကိုတင်ဆောင်ကာ မြစ်အတွင်းသွားလာပါက ရေယာဉ်များ အန္တရာယ်ရှိနိုင်ကြောင်း သိရသည်။

ယခုလက်ရှိ ရောဝတီမြစ်ရေနည်းချိန်ကာလဖြစ်သောကြောင့် ၎င်းမြစ်အတွင်း မန္တလေးဆိပ်ကမ်းမှ သွားလာကြမည့်ရေယာဉ်များအနေဖြင့်လည်း အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

(၁၈၄)

# ရောဝတီမြစ်အတွင်း အင်ဒေါင်းကျေးရွာအနီးတွင် ရောဝတီလင်းပိုင် ၁၅ ကောင်ခန့် ပြောင်းရွှေ့ကျက်စားလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၃**

ရောဝတီမြစ်အတွင်း အင်ဒေါင်းကျေးရွာအနီးတွင် ရောဝတီလင်းပိုင် ၁၅ ကောင်ခန့် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ရောဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားတွင် ရောဝတီလင်းပိုင်များ နေထိုင်ကျက်စားလျက်ရှိကြောင်း၊ အဆိုပါ ရောဝတီလင်းပိုင်များ၏ အခြေအနေများကို လစဉ် တစ်လလျှင် သုံးကြိမ် သွားရောက်ကြည့်ရှုမှတ်တမ်းတင်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထိုသို့ မှတ်တမ်းတင်မှုများ ပြုလုပ်ရာတွင် ဇန်နဝါရီ ၂ ရက်က ရောဝတီလင်းပိုင်များ အင်ဒေါင်းကျေးရွာအနီးတွင် နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

"ရောဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာထဲက ရောဝတီလင်းပိုင်တွေရဲ့အခြေအနေတွေကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက သွားပြီးကြည့်ဖြစ်တယ်။ အခုတစ်လောကတော့ ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာမှာ ရောဝတီလင်းပိုင် ၁၅ ကောင်လောက် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားနေတာကို တွေ့မြင်ခဲ့ရပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ရောဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားလျက်ရှိသည့် ရောဝတီလင်းပိုင်များကို ကျေးရွာများအတွင်း နေထိုင်နေသည့် ရေလုပ်သားများအနေဖြင့်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း၊ ရောဝတီလင်းပိုင်သားပေါက်များကိုတွေ့ရှိပါကလည်း ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံသို့ အသိပေးအကြောင်းကြားရန်လိုအပ်ကြောင်း သိရသည်။

"ရောဝတီလင်းပိုင်တွေနဲ့ ပတ်သက်ပြီး မန္တလေး-ကျောက်မြောင်းကြားကို တစ်လ သုံးကြိမ်လောက် လင်းပိုင်တွေကျက်စားနေမှုအခြေအနေကို သွားရောက်ကြည့်ရှုပါတယ်။ ပြီးတော့ ရောဝတီလင်းပိုင်သားပေါက်တွေ ရှိ၊ မရှိနဲ့ သေဆုံးမှုရှိ၊ မရှိအခြေအနေတွေကိုလဲ သွားရောက်ကြည့်ရှုပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှထွက်ရှိသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှထွက်ရှိသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရှိုပ်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

တောင်ပေါ်ဒေသမှ ထွက်ရှိသည့် မုန်ညင်းဖြူများ မန္တလေးမြို့ သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး လက်ရှိတွင် မုန်ညင်းဖြူဈေးနှုန်းများမှာ ၂၇ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ မုန်ညင်းဖြူက အဓိကစိုက်ပျိုးတဲ့ တောင်ပေါ်ဒေသတွေကပဲ ဝင်ရောက်လာတာပါ။ တောင်သူတွေက စိုက်တဲ့သူနည်းသွားပါတယ်။ ဈေးကိုတော့ ပုံမှန်တစ်ရက်ကို ခြောက်ဘီးကား ငါးစီး၊ ခြောက်စီးဝင်ပါတယ်။ ကျန်တဲ့ဒေသတွေက ထွက်ရှိမှုမရှိသေးပါဘူး။ ဈေးကိုဝင်ရောက်လာတဲ့ ကုန်စိမ်းပစ္စည်းတွေ အရောင်းအဝယ်ကောင်းပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

တောင်ပေါ်ဒေသမှထွက်သည့် မုန်ညင်းဖြူများသည် လက်ရှိတွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေခြင်းနှင့်အတူ အခြားသီးနှံများဖြစ်သည့် အာလူး၊ သခွား၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲ၊ ပန်းမုန်လာတို့လည်း အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၈၁၅ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၈၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြ၍ သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၈၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စ၍စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၈၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ ထောပတ်ပဲ ၃၈၂၅ ဧက စိုက်ပျိုးဖို့လျာထားတာ လက်ရှိ ၃၈၁၅ ဧက စိုက်ပျိုးပြီးနေပြီ။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၃၇၉၇ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၈ ဧက စုစုပေါင်း ၃၈၁၅ ဧကဖြစ်ကြောင်း၊ ထောပတ်ပဲစိုက်ပျိုးရန်လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၃၈၀၉ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၆ ဧက စုစုပေါင်း ၃၈၂၅ ဧကဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ထောပတ်ပဲစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရေးနှင့် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေး မြေလုပ်သုံးစွဲပုံနှင့် အချိန်မီရိတ်သိမ်းမှု စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြ၍ သိရသည်။

(၂၀၆)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဓိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးလှမိုးဦး-ဒေါ်သန်းသန်း(သာယာကြည်နူးဖွယ်ကုမ္ပဏီ)မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၂၀၀၀၀၀၀ လှူဒါန်းရာ ဓမ္မဓိဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်း၊ ဓမ္မဓိဒုတိယဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးမောင်ကို၊ ဓမ္မဓိအထွေထွေအတွင်းရေးမှူး သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်းနှင့် ဓမ္မဓိအတွင်းရေးမှူးသုဓမ္မမဏိဇောတဓရ ဦးမိုးလင်းတို့က လက်ခံရယူစဉ်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၈၄၀၀၀ တင်ပို့ရောင်းချခဲ့ရ



**ဘိုကလေး ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၈၄၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလက ငါးခေါင်းပွ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းက ငါးခေါင်းပွ ပိဿာချိန် ၈၄၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်များသည် ငါးခေါင်းပွအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးဘက်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလပထမပတ်လောက်ကနေ ရန်ကုန်ဈေးကွက်ကို ငါးခေါင်းပွတွေတင်ပို့မှုအားကောင်းလာပါတယ်။ ပြည်တွင်းမှာကို ငါးခေါင်းပွက ဝယ်ယူမှုများနေလို့ ဈေးကောင်းရရှိနေတာပါ။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလကထက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၃၄၀၀၀ ပိုမိုတင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိ ငါးခေါင်းပွတွေ ဝယ်ယူမှုအားကောင်းလာသလို ဈေးလဲကောင်းလာပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ထိုမှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရွှေဘိုမြို့နယ် အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရွှေဘို ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာတော်ကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးစိုးခိုင်က အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ရယူထားသော အသင်းသား၊ အသင်းသူများ၏ လုပ်ငန်းအမှန်တကယ် ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ချေးငွေထုတ်ချေးရာတွင် ချမှတ်ထားသောစည်းကမ်းများအတိုင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အိမ်ထောင်စု ၉၄ စုကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး မိသားစုစီးပွားရေးလုပ်ငန်းများ တစ်ပိုင်တစ်နိုင်ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နှင့်မြို့ပြ ကွာဟမှုလျော့ချနိုင်ရေးအတွက် လိုအပ်သောငွေကြေးနှင့် ဝန်ဆောင်မှုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။ **သန်းသန်းမိုး**

# ပင်လောင်းမြို့နယ် သစ်ပင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်လောင်း ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းဘူးကျေးရွာအုပ်စု သစ်ပင်ကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ဈေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သစ်ပင်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင် စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို ဒုတိယအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**



# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၀၈၇ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၀၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။



ယခင်နှစ်က အစေ့ထုတ်ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၉၀၂၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၀၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာအစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံဈေးကွက်အနေနဲ့ အသင့်အတင့်ရှိလို့ တောင်သူတွေ ပိုပြီးစိုက်ပျိုးလာပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၉၆၆ ဧက၊ ဖူးစားပြောင်း ၇၁၂၁ ဧက စုစုပေါင်း ၈၀၈၇ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၁၀၉၆ ဧက၊ ဖူးစားပြောင်း ၇၉၃၃ ဧက စုစုပေါင်း ၉၀၂၉ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းသရုပ်ပြပွဲများ၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်နည်းများ၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ် ပိုးနှင်ဆေးအသုံးပြုပုံများ၊ စိုက်ပျိုးရေးဆိုင်ရာများကို အသိပညာပေးလျက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသက်အောင်ထံမှ သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ်၌ ကုန်းသာ-တောင်မန်း ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မြို့ပြနှင့်ကျေးလက်ကွာဟမှုကျဉ်းမြောင်းစေပြီး လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကုန်းသာ-တောင်မန်း ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ မင်းဘူးမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေစင်ဦးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကုန်းသာ-တောင်မန်း ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေးနှင့် လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်သွားစေလိုကြောင်း မှာကြားသည်။

ကုန်းသာ-တောင်မန်း ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင် ၅ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကတ္တရာခင်းခြင်း လုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၃၉၇ ဒသမ ၅၇၅ သန်းဖြင့် Union-7 ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေစင်ဦးထံမှ သိရသည်။

ဇင်မာ

## လွတ်လပ်ရေးကို ချစ်ကြပါ

- လွတ်လပ်ရေး ရရှိရန်၊
ပြည်သူတွေ အရေးကြီး
သွေးစည်းတော်လှန်၊
တစ်ပါးကျွန်မခံ
အားခွန်မာန် အမြဲရှိ
တို့မြန်မာ ရှေးနည်းထုံး
စည်းလုံးကြ၏။

- လွတ်လပ်ရေး စောင့်ရှောက်ရန်၊
တို့မြန်မာ သွေးချင်းများ
အားလုံးတာဝန်၊
ပြည်ထောင်စု မြန်မာနိုင်ငံ
သယံဇာတ ပေါကြွယ်ဝ၊
ညီညွတ်ခါ ပြည်ချစ်
ခေတ်အောက်မကျ။

- လွတ်လပ်ရေး ထိန်းသိမ်းရန်၊
မြန်မာမှန် တာဝန်ရှိ
အမိနိုင်ငံ၊
လယ်ယာနဲ့ ကောက်ပဲနှံ
ဖွံ့ဖြိုးရန် လှံ့လစိုက်၊
အဖျက်ရန်လည်း တစ်ပြည်လုံး
ချေမှုန်းတိုက်ခိုက်။

- လွတ်လပ်ရေး ချစ်ကြရန်၊
အသက်နဲ့ထပ်တူ ကာကွယ်ပြီး
စည်းလုံးကြရန်၊
ကမ္ဘာကို ယှဉ်နိုင်ရန်
မြန်မာ့စံ ဘက်စုံမြင့်၊
ကိုယ့်သာသနာ အစဉ်ကိုးစားလို့
အမျိုးသားစာပေ အလေးထား၍
တိုင်းတစ်ပါး အဖျက်ရန်တို့
ဆယ်သက်မခံ အကြံမပိုက်နဲ့
ပြန်တိုက်ရန်အသင့်။ ။

**ခင်ဖုန်းကြည်(မိုင်းပွန်)**
**စာပေဗိမာန်စာမူဆုရ**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိ ဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိက၊ ပြည်တွင်း၊ ပြည်ပသာသနာပြုပုဂ္ဂိုလ်များနှင့် ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသူရိယ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဓမ္မပါလ၊ ဓမ္မမဥ္ဇူသိမ်ကျောင်း၊ အောင်မြေသာယာတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ရေစကြိုမြို့၊ မကွေးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တအာစိဏ္ဏ၊ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာကျောင်းတိုက်၊ ကျောက်ဖျာဒိုးကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသုဇနပီယ၊ မိတ္ထီလာကျောင်း၊ မဟာဓမ္မိကာရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တသုမန၊ ဗုဒ္ဓသာသနသိပ္ပံကျောင်းနှင့် စိန်မပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အောက်ကျင်းရပ်၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၆။ ဘဒ္ဒန္တနန္ဒသိရီ၊ နန္ဒာရာမစာသင်တိုက်၊ မကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၇။ ဘဒ္ဒန္တဝါသဝ၊ ဩဝါဒကျောင်း၊ မဟာစည်သာသနာ့ရိပ်သာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသောပါက၊ ခေမာရာမစာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တဇောတိက၊ ရတနာဓုဝံကျောင်းတိုက်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဝိဇ္ဇောဒယ၊ မဟာဇောတိကာရာမကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တစန္ဒောဘာသ၊ မဟာဝိသုတာ ရာမဈေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်
၅။ ဘဒ္ဒန္တတေဇဝန္တ၊ သမားတော်ကျောင်းတိုက်၊ အမှတ်(၄)ရပ်ကွက်၊ ဖီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တစိန္တိတာဘိဝံသ၊ ရွှေကျင်တောင်စာသင်တိုက်၊ ဘူတာတောင်ရပ်ကွက်၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တတေဇောသာရ၊ ရွှေဆံတော်မရမ်းကျောင်းတိုက်၊ အမှတ်(၁၃) ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တသုစိတ္တ၊ ကန်တော်မင်းစာသင်တိုက်၊ မောင်းတိုင် (၁) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တကုဒ္ဒိကာဘိဝံသ၊ မှန်ကင်းပဇ္ဇောတာရုံကျောင်းတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တအာဝုဓ၊ မဟာသုန္ဒရာရာမစာသင်တိုက်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဒေါက်တာဘဒ္ဒန္တခေမာလင်္ကာရ၊ အရှင်ဥတ္တမသာရစာသင်တိုက်၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တအာစိဏ္ဏ၊ အောင်မော်စံစာသင်တိုက်၊ ရှခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တမာနိတာဘိဝံသ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဉာဏောဘာသာလင်္ကာရ၊ ဘုရားသုံးဆူစာသင်တိုက်၊ နန္ဒင်းကုန်းရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဝိရောစန၊ မဟာသုခါရာမစာသင်တိုက်၊ အမှတ် (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ အမှတ်(၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဇိနောရသာလင်္ကာရ၊ ပန်အုပ်စာသင်တိုက်၊ အမှတ်(၄) ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၁၈။ ဘဒ္ဒန္တသုဇာတ၊ အောင်မြေဘုံသာစာသင်တိုက်၊ အမှတ်(၈) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၁၉။ ဒေါက်တာဘဒ္ဒန္တနန္ဒသိရီ၊ "ဓမ္မဓရ" မြန်မာသာသနာပြုကျောင်းတိုက်၊ ပါရီမြို့၊ ပြင်သစ်နိုင်ငံ
၂၀။ Ven. Prof. Attangane Ratanapala Maha Thero, Samadhi Buddhist Center, Thambuttegama-50240၊ သီရိလင်္ကာနိုင်ငံ
၂၁။ Most Ven. Dr. Pannila Ananda Nayaka Thero, Historic Attanagalla Royal Temple, Attanagalla၊ သီရိလင်္ကာနိုင်ငံ

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသီလာနန္ဒ၊ ဓမ္မရက္ခိတဝန်းသိုစာသင်တိုက်၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တဇဋိလ၊ ပထမဂန္ဓာရုံကျောင်း၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တကောသဝ၊ မဟာလယ်တီကျောင်းတိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဓမ္မဝံသ၊ အောင်မင်္ဂလာစာသင်တိုက်၊ အင်းလေးမြိုင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဥတ္တမသာရ၊ ဗောဓိပက္ခိယဓမ္မရိပ်သာကျောင်းတိုက်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်
၆။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ မြို့မစာသင်တိုက်၊ ညောင်ဝိုင်းတောင်ပိုင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တကုသလိယာဘိဝံသ၊ စမ်းကြီးတောရစာသင်တိုက်၊ (၅/၁၅) ရပ်ကွက်၊ ဥသာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တတေဇဝန္တ၊ ဓမ္မိကစာသင်တိုက်၊ မြို့မရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တပုညာနန္ဒ၊ ပုညကာရီဆုတောင်းပြည့်စာသင်တိုက်၊ မြို့သစ် (ဂ) ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တသြဘာသ၊ မဟာသုဒဿနာရာမကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တပညာလောက၊ ကိုးသောင်းသာသနာ့မင်္ဂလာ စာသင်တိုက်၊ ကိုးသောင်းရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တပဏ္ဍိတ၊ လက်ပံပင်စာသင်တိုက်၊ ပေါင်းနားရပ်ကွက်၊ စလင်းမြို့၊ မကွေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဝိမလ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွား ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဥက္ကဋ္ဌ၊ သီရိဂုဏ်ရည်ကျောင်း၊ ညောင်ကန်တိုက်၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဝရသုခ၊ ခေမာသီဝံစာသင်တိုက်၊ စံပြ/တမ္ပဝတီရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တကုန္ဒာလောကာလင်္ကာရ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဝိရောစန၊ ချမ်းမြေ့သာယာကျောင်းတိုက်၊ ကံကြီး/မကျီးရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တအဘိဇာတ၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဉာဏုတ္တရ၊ မဟာဂန္ဓာရုံစာသင်တိုက်၊ မြင်သာ(၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တခေမာစိဏ္ဏ၊ အောင်မင်္ဂလာစာသင်တိုက်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တသုမန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဒေါက်တာဘဒ္ဒန္တပါရမီ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တဝဏ္ဏိတ၊ ဇောတိကာရုံကျောင်း၊ ပကာ+ မန်ကောင်းမူးကျေးရွာ၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ်
၂၄။ ဒေါက်တာဘဒ္ဒန္တကုန္ဒာသဘ၊ ကြာနီကန်ကျောင်းတိုက်၊ အမှတ် (၃) ရပ်ကွက်၊ မြန်အောင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တနန္ဒိယ၊ မင်္ဂလာအောင်မြေစာသင်တိုက်၊ အမှတ်(၇) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၂၆။ ဒေါ်ဂုဏဝတီ၊ ဇေယျာသိင်္ဂီသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၇။ ဒေါ်ဓမ္မေသီ၊ သေုဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပညာသာမိ၊ ရန်အောင်မြင်တိုက်သစ်ကျောင်းတိုက်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တပညာနန္ဒ၊ မြသုခ(၂၇၅)တပ်ဦးကျောင်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်
၃။ ဘဒ္ဒန္တတိသာသန၊ နဂါးပတ်တောင်ကျောင်းတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တတေဇာနန္ဒ၊ ရတနာ့ဗိမာန်ထူပါရုံရွှေကျောင်းတိုက်၊ မင်းလမ်းရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တပညာပါလ၊ ဓမ္မပါရဂူပါဠိတက္ကသိုလ်တိုက်၊ ဆူးလေကုန်းရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တပညာဝံသ၊ သာသနာရောင်ခြည်ကျောင်းတိုက်၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တပဏ္ဍိတ၊ ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကညွှံ့ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တကိတ္တိသာရ၊ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျာစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်
၉။ ဘဒ္ဒန္တသုန္ဒရ၊ သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၊ ဈေး(၂)ရပ်ကွက်၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တဝဏ္ဏိတာလင်္ကာရ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တကောသရိန္ဒ၊ နဂါးရုံဖီးတောစာသင်တိုက်၊ အမှတ်(၆) ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တကေလာသ၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တလောကဉာဏ၊ ဓမ္မိကတောရစာသင်တိုက်၊ ရွာတော်ကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဓမ္မိက၊ မဟာဝိသုတာရာမစာသင်တိုက်၊ ဆုံကုန်းကျေးရွာ၊ ဆင်ဖြူကျွန်းမြို့၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တစိန္တိတ၊ မလွန်စာကြောစာသင်တိုက်၊ မလွန်ကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တကုန္ဒက၊ ဓမ္မာစရိယကျောင်း၊ မင်္ဂလာဘုံကျော်တိုက်၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည် မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဃောသိတ၊ ရတနာမာရ်အောင်စာသင်တိုက်၊ (၁၃)ညံ့ကွဲရပ်ကွက်၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တတေဇဝန္တ၊ မိုးကုတ်ကျောင်း၊ မင်္ဂလာတိုက်၊ အိုးတော်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဉာဏိဿရ၊ မင်းကုန်းမဟာစာသင်တိုက်၊ ကံဦးရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း ဒေသကြီး
၂၀။ ဘဒ္ဒန္တဝိလာသ၊ ဥယျာဉ်ပါဠိတက္ကသိုလ်စာသင်တိုက်၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တအာလောကာစာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တစန္ဒိမာ၊ ရတနာမြိုင်ကျောင်းသစ်စာသင်တိုက်၊ ပလိပ်ကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တသြဘာသ၊ ဓမ္မဒီပကျောင်း၊ တန်ဆောင်းကြီးကျောင်းတိုက်၊ အမှတ်(၁၂)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တနာယကဓဇ၊ မြို့လယ်ကျောင်းတိုက်၊ ကျောင်းပိုင်းရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်
၂၅။ ဘဒ္ဒန္တနန္ဒမေဓာ၊ မဟာအောင်မြေရွှေဘုံစာသင်တိုက်၊ အောက်ကျင်းရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်
၂၆။ ဘဒ္ဒန္တပညောဘာသ၊ ကျောက်တစ်လုံးမဟာဗောဓိတပ်ဦးကျောင်းစာသင်တိုက်၊ ဂုံးချိန်ကျေးရွာ၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ်
၂၇။ ဘဒ္ဒန္တကောသလ၊ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက်၊ ပြည်တော်သာရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်
၂၈။ ဘဒ္ဒန္တဉာဏ၊ မဏိရတနာစာသင်တိုက်၊ ရွာကြီးတောင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၂၉။ ဘဒ္ဒန္တဝါယမိန္ဒ၊ ရတနာသိဒ္ဓိစာသင်တိုက်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၀။ ဘဒ္ဒန္တဝိသာရဒ၊ ကျောက်ကုန်းကျောင်းကြီးစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၁။ ဘဒ္ဒန္တဂန္ဓသာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၂။ ဒေါက်တာဘဒ္ဒန္တကောဝိဒ၊ မဇ္ဈိမဂုဏ်ရည်မဟာစည်တောရရိပ်သာ၊ ရဲမွန်တပ်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၇ သို့

စာမျက်နှာ ၇ မှအဆက်

### မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဒေါက်တာဘဒ္ဒန္တတေဇောသာရ၊ ဇေတဝန်တောရစာသင်တိုက်နှင့် တရားဓမ္မရိပ်သာ၊ ဈေးဟောင်းရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်

၂။ ဘဒ္ဒန္တစန္ဒသိရီ၊ ဓမ္မဒီပကျောင်းတိုက်၊ ရပ်ကွက်ကြီး(၇)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

### ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တရေဝတ၊ မိုဃ်းကျူသဒ္ဓမ္မအလင်္ကာကျောင်းတိုက်၊ အမှတ်(၄) ရပ်ကွက်၊ မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး

၂။ ဒေါက်တာဘဒ္ဒန္တဥက္ကဋ္ဌ၊ မဟာသိမ်တော်ကြီးစာသင်တိုက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဝိစိတ္တ၊ မနာပဒါယီပညာရေးစင်တာ၊ အိမ်တော်ရာတိုက်၊ ပြည်လမ်းအရှေ့ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဒေါက်တာ ဘဒ္ဒန္တဝိစိတ္တသာရ၊ ကြာကန်ကျောင်းတိုက်၊ အမှတ်(၆၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသီရိန္ဒာစာရ၊ ငွေတောင်ပြည် ပရိယတ္တိစာသင်တိုက်၊ ငွေတောင်စံပြကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၂။ ဘဒ္ဒန္တသိရိန္ဒ၊ ဇေယျာသီရိအသောက ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဗိုလ်ကုန်း (၁၈) ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၃။ ဒေါက်တာဘဒ္ဒန္တဥတ္တရ၊ မဟာဝိဟာရ ပရိယတ္တိစာသင်တိုက်၊ တရနာစံပြကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်

၄။ ဘဒ္ဒန္တဇနက၊ နေနတ်သားစာသင်တိုက်၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဒေါက်တာဘဒ္ဒန္တအရိယဝံသ၊ အောင်မြေဗောဓိဓမ္မရိပ်သာအလိုတော်ပြည့်ကျောင်းတိုက်၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဘဒ္ဒန္တမဉ္ဇူသာရ၊ ရတနာမဉ္ဇူဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ ရပ်ဆိုင်ကျေးရွာ၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဝိသုတ၊ နိဂြောဓရုံညောင်ပင်သာပရိယတ္တိစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

### အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကောသလ၊ သိရိမင်္ဂလာကန်ဦးပရိယတ္တိစာသင်တိုက်၊ မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တခေမာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တရုံကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တဝိစာရဉာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မြို့မရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်

၄။ ဘဒ္ဒန္တရေဝတာဘိဝံသ၊ သဒ္ဓမ္မဝါစီမင်းကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီးမြို့၊ ကရင်ပြည်နယ်

၅။ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ နောင်လုံဌာန်ပတိုင်ကျောင်းတိုက်၊ အိန္ဒုကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်

၆။ ဘဒ္ဒန္တသုဒဿန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စိမ်းစင်းကျေးရွာ၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်

၇။ ဘဒ္ဒန္တစိန္တိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သာယာကုန်းကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဝိစက္ခဏ၊ အောင်စည်သာပရိယတ္တိစာသင်တိုက်၊ အောင်စည်သာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၉။ ဘဒ္ဒန္တဉာဏိဿရိယ၊ ရွှေမြို့ကြီးဂိုဏ်းထောက်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ရွှေမြို့ကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၀။ ဘဒ္ဒန္တထေရိန္ဒ၊ ကျောက်စရစ်ကုန်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ သီရိရတနာကျောင်းတိုက်၊ ကျောက်စရစ်ကုန်းကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၁။ ဘဒ္ဒန္တဝရသာမိ၊ ဘုရားငါးဆူပရိယတ္တိစာသင်တိုက်၊ မအူကုန်းရပ်ကွက်၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဝိဇ္ဇောဘာသ၊ ရတနာစံမဟာစည်သာသနာ့ရိပ်သာကျောင်း၊ မြို့သစ်ကျောင်းတိုက်၊ မြို့သစ်(ခ)ရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တဉာဏိသရ၊ ရွှေဘုန်းပွင့်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အမှတ်(၁) ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တဝိလာသ၊ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ရွှေတောင်ပရိယတ္တိ စာသင်တိုက်၊ ဖိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ မဟာဂန္ဓဝင်ကျောင်းတိုက်၊ အုန်းတောရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တမာနိတ၊ ငှက်ပစ်တောင်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ မောင်းတိုင် (၂) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တကုမ္ဘောဘာသာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တတိက္ခိန္ဒြိယ၊ ရေလည်ပရဟိတဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း၊ ဒူလဗိုလ်ကျေးရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တသြဘာသ၊ မဏိသိပ္ပံကျောင်း၊ မဏိဇောတိကာရာမပတ္တမြားကျောင်းတိုက်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တဝိသေသ၊ ဇေယျာသီရိဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဇေယျာသီရိရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၂၁။ ဘဒ္ဒန္တဝိသဒဉာဏ၊ အေးကမ္ဘာရိပ်သာကရင်စုကျောင်းတိုက်၊ မိုးနိုင်းရပ်ကွက်၊ ပေါင်မြို့၊ မွန်ပြည်နယ်

၂၂။ ဒေါက်တာဘဒ္ဒန္တသီလဝန္တ၊ အောင်တော်မူကျောင်းတိုက်၊ ရှမ်းစုရပ်၊ ကမာဝက်မြို့၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

၂၃။ ဒေါက်တာဘဒ္ဒန္တဝိစိတ္တသာရ၊ စမ္ပာနဂိုရ်ခတ်တော်နန်းဦးကျောင်းတိုက်၊ ခတ်တော်ကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်

၂၄။ ဘဒ္ဒန္တကုန္ဒာစာရ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ပုလဲရတနာပရိယတ္တိစာသင်တိုက်၊ ဂျိတ္တောရပ်ကွက်၊ ငပလီမြို့၊ သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ်

၂၅။ ဒေါက်တာဘဒ္ဒန္တအရိယဝံသ၊ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ရွှေစေတီပရိယတ္တိစာသင်တိုက်၊ ကျောင်းတက်လမ်းရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၂၆။ ဘဒ္ဒန္တဇာဂရ၊ ပညာဝတီရိပ်သာကျောင်းတိုက်၊ အမှတ်(၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၇။ ဒေါက်တာ ဘဒ္ဒန္တပညိန္ဒ၊ ဝိဇ္ဇာသိပ္ပံကျောင်းတိုက်၊ အမှတ်(၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၈။ ဘဒ္ဒန္တကုမာရ၊ ဝိသုဒ္ဓါရာမချမ်းမြေ့သာယာအေးစာသင်တိုက်၊ အုပ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ဘဒ္ဒန္တဓမ္မိက၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာပညာရာမကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ဘဒ္ဒန္တဇာနေယျ၊ ကင်မွန်းခြံဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ကင်မွန်းခြံကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၁။ ဘဒ္ဒန္တကောသလ္လ၊ ရေကျော်မြို့မကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ဘဒ္ဒန္တသြဘာသ၊ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၊ အိမ်တော်ရာတိုက်၊ ပြည်လမ်းအရှေ့ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ဘဒ္ဒန္တနန္ဒဝံသ၊ ဆုတောင်းပြည့်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ကျောက်ရေတွင်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၄။ ဘဒ္ဒန္တနာရဒါဘိဝံသ၊ ပါဠိတက္ကသိုလ်ညောင်တုန်းပရိယတ္တိစာသင်တိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ဘဒ္ဒန္တကုန္ဒက၊ သဒ္ဓမ္မဇောတိကာရုံဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကွမ်းခြံကုန်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၆။ ဘဒ္ဒန္တဝိဇ္ဇောလာစာရ၊ ရွှေဟင်္သာညောင်တုန်းကျောင်း၊ အရှေ့ဥယျာဉ်တိုက်၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၇။ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ၊ မိုင်းသောက်ပထမစာသင်တိုက်၊ မိုင်းသောက်ကျေးရွာ၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်

၃၈။ ဘဒ္ဒန္တမိလိန္ဒ၊ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၊ ပန်းတိမ်တောင်ရပ်ကွက်၊ သီပေါမြို့၊ ရှမ်းပြည်နယ်

၃၉။ ဘဒ္ဒန္တသုဝရ၊ ရွှေလီမောဝ်ခမ်းကျောင်း ပရိယတ္တိစာသင်တိုက်၊ ရပ်ကွက်(၆)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၄၀။ ဘဒ္ဒန္တကောဏ္ဍည၊ မြို့ဦးသီရိမင်္ဂလာကျောင်းတိုက်၊ အမှတ်(၄) ရပ်ကွက်၊ နမ့်စန်မြို့၊ ရှမ်းပြည်နယ်

၄၁။ ဒေါက်တာဘဒ္ဒန္တခေမိတ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ အမှတ်(၇)ရပ်ကွက်၊ အေးသာယာမြို့၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်

၄၂။ ဘဒ္ဒန္တကုန္ဒဓမ္မ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ဝမ်ကောင်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

၄၃။ ဘဒ္ဒန္တခေမိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ဝမ်ပျန်ရပ်ကွက်၊ မိုင်းခတ်မြို့၊ ရှမ်းပြည်နယ်

၄၄။ ဘဒ္ဒန္တကောဏ္ဍည၊ နယ်စပ်သာသနာပြုပါရမီပရိယတ္တိစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၄၅။ ဘဒ္ဒန္တကုသလ၊ ပုပ္ဖါရုံကျောင်းတိုက်၊ တော်ကမယ်ကျေးရွာ၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၄၆။ ဘဒ္ဒန္တဓမ္မသာမိ၊ ရွာလယ်ကျောင်းသစ်ပရိယတ္တိစာသင်တိုက်၊ ရွာလယ်ရပ်ကွက်၊ ဝါးခယ်မမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၄၇။ ဘဒ္ဒန္တနန္ဒမာလာ၊ သရက်တောဘုရားကြီးကျောင်းတိုက်၊ ထနီးကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

### ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၄၈။ Most Ven. Dr. Shinkai KORI, Nenbutsushu Sampozan Mryojuji ကျောင်းတိုက်၊ ကာတိုမြို့၊ ဟော်ဂိုခရိုင်၊ ဂျပန်နိုင်ငံ

၄၉။ ဘဒ္ဒန္တဝိသုဒ္ဓိဉာဏ၊ ဗောဓိပရိယတ္တိစာသင်တိုက်၊ ပန့်ပုံရပ်ကွက်၊ ရွှေလီမြို့၊ တယ်ဟုန်ခရိုင်၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၅၀။ Ven. Thumbowila Dhammaratana Thero, 139, Sri Sadd-harmarama Purana Viharaya, Thumbowila, Piliyandala, Colombo၊ သီရိလင်္ကာနိုင်ငံ

### မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဂုဏာလင်္ကာရ၊ ဂုဏခေမာရာမကျောင်းတိုက်၊ မြို့ဦးရပ်ကွက်၊ နမ္မတီးမြို့၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တဉာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လုံရှာယာန်ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တကုသလာနန္ဒ၊ ပန်ပက်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပန်ပက်ကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၄။ ဘဒ္ဒန္တစန္ဒသိရီ၊ မထောခူထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မထောခူကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်

၅။ ဘဒ္ဒန္တစန္ဒရ၊ မဲဆမိတ်ကျောင်းတိုက်၊ မဲဆမိတ်ကျေးရွာ၊ လှိုင်းဘွဲမြို့နယ်၊ ကရင်ပြည်နယ်

၆။ ဘဒ္ဒန္တသီလာစာရ၊ မြို့တော်ဦးထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သံတောင်မြို့၊ သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၇။ ဘဒ္ဒန္တသံဝရ၊ မင်းမအရှေ့ပရဟိတဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မင်းမအရှေ့ကျေးရွာ၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တနန္ဒသိရီ၊ ရတနာသိရီကျောင်းတိုက်၊ အောင်မေတ္တာရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တမကုဋ၊ မကုဋာရာမဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ အိုးဘိုတောင်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တသုခိတ၊ အင်းတက်ရွာဦးကျောင်းတိုက်၊ အင်းတက်ကျေးရွာ၊ ကောလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တကောဝိဒ၊ သဒ္ဓမ္မပါလကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တသုမန၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ တာလံရပ်ကွက်၊ လဟယ်မြို့၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တဉာဏဝံသ၊ စံကျောင်းတိုက်၊ တပ်ပြင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တဝါယမ၊ သရက်ကုန်းအနောက်ကျောင်းတိုက်၊ သရက်ကုန်းကျေးရွာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၅။ ဘဒ္ဒန္တသုမန၊ သပြေသာရွာဦးကျောင်းတိုက်၊ သပြေသာကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၁၆။ ဘဒ္ဒန္တကေလာသ၊ မဟာဗောဓိမြိုင်ကျောင်းတိုက်၊ ဗောဓိမြိုင်ကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၁၇။ ဘဒ္ဒန္တဝိလာသ၊ ကံ့ကော်မြိုင်ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း၊ ဖလေးကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တအာသဘ၊ ဒက္ခိဏာရုံကျောင်းတိုက်၊ သက္ကလမြို့၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တနရိန္ဒ၊ ရွှေလှေစုရွာဦးကျောင်းတိုက်၊ ရွှေလှေစုကျေးရွာ၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တဝိမလ၊ ကျီးပင်ကန်ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ဘုရားကုန်းတောင်တောရကျောင်းတိုက်၊ ရွာသာယာကျေးရွာအုပ်စု၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှအဆက်

၂၁။ ဘဒ္ဒန္တစန္ဒိမာ၊ ရေတွင်းညီနောင်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ မဟာဝိသုတာရာမစာသင်တိုက်၊ မင်းကွက်(၂)ရပ်ကွက်၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တကုန္ဒာစာရ၊ သီရိမင်္ဂလာမုန်ကျောင်းတိုက်၊ ဖအောင်ဝဲရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တဉာဏိဿရ၊ သီရိမင်္ဂလာမင်္ဂလွန်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ မင်္ဂလွန်းကျေးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တဥတ္တမသာရ၊ တက္ကသိုလ်ဂုဏ်ရည်ကျောင်းတိုက်၊ အရှေ့သပြေကုန်းရပ်ကွက်၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တနန္ဒိယ၊ သီရိဇေယျာဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကျွန်းသာယာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၆။ ဘဒ္ဒန္တဉာဏသိဒ္ဓိ၊ မိုဃ်းကောင်းကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၇။ ဘဒ္ဒန္တဝရသာမိ၊ ရွာလယ်ဂန္ဓာရုံဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ မုဒုကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂၈။ ဘဒ္ဒန္တဝိသုတသာရ၊ ရွှေဘုံသာကျောင်းတိုက်၊ ဈေးရပ်ကွက်၊ သရက်မြို့၊ မကွေးတိုင်းဒေသကြီး

၂၉။ ဘဒ္ဒန္တသောဘမာစာရ၊ အမှတ် (၇) ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ကုန်းမြင့်ရတနာကျောင်းတိုက်၊ မြို့ဦးရပ်ကွက်၊ ငဖဲမြို့၊ မကွေးတိုင်းဒေသကြီး

၃၀။ ဘဒ္ဒန္တဓမ္မပိယ၊ မဟာဝိသုတာရာမ(အလယ်)တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၃၁။ ဘဒ္ဒန္တသဒ္ဓမ္မသိရီ၊ အကောက်ဝန်မင်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၂။ ဘဒ္ဒန္တပဏ္ဍာဝ၊ ဒိုးပင်အောင်ကံသာပရဟိတကျောင်းတိုက်၊ ညံညင်းသာကျေးရွာ၊ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၃။ ဘဒ္ဒန္တမဏ္ဍလ၊ ထန်းတပင်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ထန်းတပင်ကျေးရွာ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၄။ ဘဒ္ဒန္တကုန္ဒာဝုဓ၊ တပ်ဦးမဟာဂန္ဓာရုံကျောင်းတိုက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၃၅။ ဒေါက်တာဘဒ္ဒန္တခေမိဿရ၊ အောင်မြေသုခပရိယတ္တိစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး

၃၆။ ဘဒ္ဒန္တဝရဏ၊ ကန်ကြီးဓမ္မရာဇိန်ကျောင်းတိုက်၊ မြို့မ (၄) ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်

၃၇။ ဘဒ္ဒန္တဉာဏုတ္တရ၊ သီရိမင်္ဂလာဒေါ်လန်းကျောင်းတိုက်၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၃၈။ ဘဒ္ဒန္တစန္ဒောဘာသ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ရွှေမြိုင်သီရိရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၃၉။ ဒေါက်တာဘဒ္ဒန္တသုမင်္ဂလ၊ မေတ္တာဝါဒီကျောင်းတိုက်၊ ကံ့ကော်ရပ်ကွက်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်

၄၀။ ဘဒ္ဒန္တကေသရ၊ ဇေယျသုခကျောင်းတိုက်၊ အောင်ချမ်းသာကျေးရွာ၊ ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ်

၄၁။ ဘဒ္ဒန္တကုမာရ၊ မဟာဗောဓိဉာဏာရာမကျောင်းတိုက်၊ ရွာကြီးမြောက်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၄၂။ ဘဒ္ဒန္တပညာဇောတ၊ အောင်မြေဗောဓိဓမ္မရိပ်သာအလိုတော်ပြည့်ကျောင်းတိုက်၊ မကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၄၃။ ဘဒ္ဒန္တဃောသိတ၊ ချမ်းသာကြီးကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၄။ ဘဒ္ဒန္တမဏ္ဍလ၊ အောင်မင်္ဂလာကျောင်းတိုက်၊ ကရင်ဆိပ်စံပြကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၅။ ဘဒ္ဒန္တတေဇိတ၊ နော်မံကျောင်းကြီးတိုက်၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၆။ ဘဒ္ဒန္တဒေသိက၊ အသောကာရာမဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ အုတ်ဖိုကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၇။ ဘဒ္ဒန္တဝဏ္ဏသိရီ၊ မိုးမိတ်ကျောင်းတိုက်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၈။ ဘဒ္ဒန္တကောဝိဒဓဇ၊ ရွှေသလ္လာပရိယတ္တိစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၉။ ဘဒ္ဒန္တဉာဏိန္ဒ၊ ဗလအားမာန်ငါးတန်လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းတိုက်၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၀။ ဒေါက်တာဘဒ္ဒန္တကုသလ၊ အောင်ဇမ္ဗူကျော်ပရဟိတစာသင်တိုက်၊ (၇)အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၁။ ဘဒ္ဒန္တဉာဏဝံသ၊ နတ်မောက်ဝိဇ္ဇာသိပ္ပံလူငယ်ဖွံ့ဖြိုးရေးဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ အမှတ်(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၂။ ဘဒ္ဒန္တအာဒိစ္စ၊ သီရိမင်္ဂလာကံလှကျောင်းတိုက်၊ ကံလှကျေးရွာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၃။ ဘဒ္ဒန္တသုနန္ဒ၊ ရွှေစက်တော်မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၄။ ဒေါက်တာဘဒ္ဒန္တသုနန္ဒပိယ၊ ရတနာပုံကျောင်းတိုက်၊ ရွှေခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၅။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ မဟာဝိစိတ္တာရုံစာသင်တိုက်၊ အမှတ်(၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၆။ ဒေါက်တာဘဒ္ဒန္တကောဝိဒ၊ ဓမ္မအောင်မြေစာသင်တိုက်၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၇။ ဘဒ္ဒန္တသုဇာတ၊ သုဇာတာရာမကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၈။ ဘဒ္ဒန္တဇောတိက၊ ပဒံပရိယတ္တိစာသင်တိုက်၊ အတွင်းပဒံရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၉။ ဘဒ္ဒန္တဓမ္မာလောက၊ သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်၊ (ဆ/က) ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၀။ ဘဒ္ဒန္တဝိမလ၊ တပ်ဦးမင်းကုန်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မင်းကုန်းကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၁။ ဒေါက်တာဘဒ္ဒန္တနန္ဒိယ၊ စစ်ကိုင်းကျောင်းတိုက်၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၂။ ဘဒ္ဒန္တကောဝိဒ၊ မင်္ဂလာသိဒ္ဓိပရိယတ္တိစာသင်တိုက်၊ အမှတ်(၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၃။ ဘဒ္ဒန္တပဏ္ဍာဝ၊ ရတနာသိခ်ံသာသနာ့ရိပ်သာကျောင်းတိုက်၊ အမှတ်(၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၄။ ဘဒ္ဒန္တမာဃိန္ဒ၊ သာသနာ့ရုံသီအောင်လံကျောင်း၊ သိမ်ဖြူကျောင်းတိုက်၊ သိမ်ဖြူမီးရထား ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၅။ ဒေါက်တာဘဒ္ဒန္တကုသလာစာရ၊ ဓမ္မောဒယဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၆။ ဘဒ္ဒန္တသီရိန္ဒ၊ ဖြပ္ပုန်မိမ္မိတာရုံကျောင်းတိုက်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၇။ ဘဒ္ဒန္တဓမ္မပါလ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဇေယျာရွှေတောင် ပရိယတ္တိစာသင်တိုက်၊ ရွှေမှန်တင်ရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၈။ ဘဒ္ဒန္တဥတ္တမ၊ ဒက္ခိဏာရာမကျောင်းတိုက်၊ နမ့်လန်ကျေးရွာ၊ သီပေါမြို့နယ်၊ ရှမ်းပြည်နယ်

၆၉။ ဘဒ္ဒန္တစန္ဒာဝရ၊ အသောကာရာမကောင်းမှုးလွယ်ကျောင်းတိုက်၊ ကောင်းမှုးတုံရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်

၇၀။ ဘဒ္ဒန္တရာဇိန္ဒ၊ မဟာမုနိ(ဗဟို)ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လောက်ကိုင်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၇၁။ ဘဒ္ဒန္တကောဝိဒါစာရာဘိပါလ၊ မွေတော်ပရိယတ္တိစာသင်တိုက်၊ အနောက်ရပ်ကွက်၊ မိုင်းပန်မြို့၊ ရှမ်းပြည်နယ်

၇၂။ ဘဒ္ဒန္တကုန္ဒသာမိ၊ အောင်မြေရတနာကျောင်းတိုက်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၇၃။ ဘဒ္ဒန္တသုနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ အမှတ်(၈)ရပ်ကွက်၊ ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ်

၇၄။ ဒေါက်တာဘဒ္ဒန္တအဂ္ဂသိရီ၊ ဘုရားနီကျောင်းတိုက်၊ တောင်လေးလုံးကျေးရွာ၊ ရွှေညောင်မြို့၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်

၇၅။ ဘဒ္ဒန္တဥတ္တမသာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကျောက်လိုဏ်ဂူကျေးရွာ၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်

၇၆။ ဘဒ္ဒန္တနန္ဒဓဇ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝိန်းလိတ်ရပ်ကွက်၊ မိုင်းယန်းမြို့၊ ရှမ်းပြည်နယ်

၇၇။ ဘဒ္ဒန္တဓမ္မသိရီ၊ ရွှေကျင်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဓမ္မမေဒနီရွှေကျင်ကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်

၇၈။ ဘဒ္ဒန္တနန္ဒသိရီ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ မော်အိုင်ကျေးရွာ၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၇၉။ ဘဒ္ဒန္တရေဝတ၊ မဟာဂန္ဓာရုံဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဒလင်းလှည်းဆိပ်ကျေးရွာ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၈၀။ ဘဒ္ဒန္တပဏ္ဍိတ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ဇေတဝန်ရွှေကျောင်းတိုက်၊ နဒီအောင်မြေရပ်ကွက်၊ ကျုံမငေးမြို့၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၈၁။ ဘဒ္ဒန္တဝိလာသ၊ သီရိမင်္ဂလာကျောင်းတိုက်၊ တကောကျေးရွာ၊ အိမ်မဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၈၂။ ဘဒ္ဒန္တဝိနာယက၊ ဇယမေဒနီပရဟိတကျောင်းတိုက်၊ သပြူကွင်းကျေးရွာ၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၈၃။ ဘဒ္ဒန္တသုဝဏ္ဏ၊ လေးထပ်ကျောင်းတိုက်၊ အရှေ့ပိုင်းရပ်ကွက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၈၄။ ဒေါက်တာဘဒ္ဒန္တဉာဏာလင်္ကာရ၊ ဓမ္မဗိမာန်ကျောင်းတိုက်၊ ပန်းပဲတန်းရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၈၅။ ဘဒ္ဒန္တသောပါက၊ သုခဝတီကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၈၆။ ဒေါက်တာဘဒ္ဒန္တဇောတိဿရ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ရေးဆွဲနိုင်ရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် အောက်ဖော်ပြပါ ညီလာခံကိုယ်စားလှယ်များကို စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်အား ချီးမြှင့်အပ်နှင်းလိုက်သည်-

စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်
လူမှုထူးချွန်တံဆိပ် (ပထမဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် မျိုးမြင့်(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးချုပ် မင်းသိန်းတင် (ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး |
| ၄။ | ဦးထွန်းထွန်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | နိုင်ငံတော်သမ္မတရုံး |
| ၅။ | ဦးချစ်ခင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၆။ | ဦးကြည်သန်း | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန |
| ၇။ | ဦးကျော်ဆန်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ရထားပို့ဆောင်ရေးဝန်ကြီးဌာန |
| ၈။ | ဦးလှသောင်းမြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ရထားပို့ဆောင်ရေးဝန်ကြီးဌာန |
| ၉။ | ဗိုလ်မှူးကြီး မိုးမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဗိုလ်မှူးကြီး မြင့်အုန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဗိုလ်မှူးကြီး ဝင်းနောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဗိုလ်မှူးကြီး ထိန်လင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဗိုလ်မှူးကြီး ညွန့်ဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဦးသန်းညွန့် | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူးကြီး သိန်းလွင် | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| ၁၆။ | ဦးကိုကိုကျော် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၇။ | ဦးတင်တယ် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၈။ | ဗိုလ်မှူးကြီး သန်းဝင်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၁၉။ | ဦးမြင့်သိန်း | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၂၀။ | ဦးစန်းလွင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | သာသနာရေးဝန်ကြီးဌာန |
| ၂၁။ | ဦးမြင့်သိန်းဆွေ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၂၂။ | ဦးမောင်မောင်တင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | သစ်တောရေးရာဝန်ကြီးဌာန |
| ၂၃။ | ဦးဆန်းထွန်း | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | သတ္တုတွင်းဝန်ကြီးဌာန |
| ၂၄။ | ဦးလှသိန်း | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | သတ္တုတွင်းဝန်ကြီးဌာန |
| ၂၅။ | ဦးစိန်သန်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | စက်မှုဝန်ကြီးဌာန |
| ၂၆။ | ဦးကျော်မြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အမှတ်(၁)စက်မှုဝန်ကြီးဌာန |
| ၂၇။ | ဦးတင်ရီ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂၈။ | ဦးမောင်ဌေး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂၉။ | ဒေါက်တာခင်ဇော် | ပါမောက္ခချုပ်(ငြိမ်း) | ပညာရေးဝန်ကြီးဌာန |
| ၃၀။ | ဦးစန်းတင့် | ပါမောက္ခချုပ်(ငြိမ်း) | ပညာရေးဝန်ကြီးဌာန |
| ၃၁။ | ဒေါက်တာညွန့်လွင် | ပါမောက္ခချုပ်(ငြိမ်း) | မန္တလေးတက္ကသိုလ် |
| ၃၂။ | ဗိုလ်မှူးကြီး တင်ထွဋ် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| ၃၃။ | ဒေါက်တာဘမြင့် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၄။ | ဒေါက်တာမေဝင်းအောင်ခင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၅။ | ဒေါက်တာသာလှရွှေ | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၆။ | ဦးသန်းဦး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၇။ | ဦးစိန်လှ | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အစိုးရအဖွဲ့ရုံး |
| ၃၈။ | ဦးထွန်းထိန် | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး |
| ၃၉။ | ဦးဝေမြင့် | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး |
| ၄၀။ | ဦးတင်စိုး | အထွေထွေမန်နေဂျာ | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၄၁။ | ဦးမြင့်သိန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၄၂။ | ဦးလှမြင့် | ရုံးအဖွဲ့မှူး | ရထားပို့ဆောင်ရေးဝန်ကြီးဌာန |
| ၄၃။ | ဒုတိယဗိုလ်မှူးကြီး သိန်းထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၄။ | ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ | ဒုတိယဗိုလ်မှူးကြီး ဝင်းတင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၆။ | ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်မော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ | ဒုတိယဗိုလ်မှူးကြီး စိုးမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၈။ | ဒုတိယဗိုလ်မှူးကြီး တင်ထွန်းမှူး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၉။ | ဒုတိယဗိုလ်မှူးကြီး ထင်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၀။ | ဒုတိယဗိုလ်မှူးကြီး ဟန်ထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၁။ | ဒုတိယဗိုလ်မှူးကြီး တင်သိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၂။ | ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၃။ | ဒုတိယဗိုလ်မှူးကြီး ဝေလင်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၄။ | ဒုတိယဗိုလ်မှူးကြီး ချစ်ဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၅။ | ဒုတိယဗိုလ်မှူးကြီး ညွန့်တင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၆။ | ဒုတိယဗိုလ်မှူးကြီး စိုးတင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၇။ | ဒုတိယဗိုလ်မှူးကြီး သန်းဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၈။ | ဒုတိယဗိုလ်မှူးကြီး ဝင်းဆွေထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၉။ | ဦးဝင်းကြည် | အထွေထွေမန်နေဂျာ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၆၀။ | ဦးဝင်းသိန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | သတ္တုတွင်းဝန်ကြီးဌာန |
| ၆၁။ | ဦးရွှေကျော် | ဒုတိယညွှန်ကြားရေးမှူးချုပ် | သစ်တောရေးရာဝန်ကြီးဌာန |
| ၆၂။ | ဦးစောလွင် | ပါမောက္ခ | သမဝါယမဝန်ကြီးဌာန |
| ၆၃။ | ဦးသိန်းဖေ | ကျောင်းအုပ်ကြီး | စက်မှုလက်မှုသိပ္ပံ(အင်းစိန်) |
| ၆၄။ | ဦးထင်ကျော် | စက်ရုံမှူး | အမှတ်(၁)စက်မှုဝန်ကြီးဌာန |
| ၆၅။ | ဦးညွန့်အောင် | အထွေထွေမန်နေဂျာ | အမှတ်(၁)စက်မှုဝန်ကြီးဌာန |
| ၆၆။ | ဦးမောင်မောင်ကြည် | အထွေထွေမန်နေဂျာ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| ၆၇။ | ဒေါ်ခင်သန်းနွယ် | ပါမောက္ခ၊ ရူပဗေဒဌာန | ပညာရေးဝန်ကြီးဌာန |
| ၆၈။ | ဒေါက်တာဇော်လင်း | ပါမောက္ခ၊ ဒဿနိကဗေဒဌာန | ပညာရေးဝန်ကြီးဌာန |
| ၆၉။ | ဒေါ်ပို | ပါမောက္ခ၊ မြန်မာစာဌာန | ပညာရေးဝန်ကြီးဌာန |
| ၇၀။ | ဦးခင်မောင်ကြည် | ကျောင်းအုပ်ကြီး | ပညာရေးဝန်ကြီးဌာန |
| ၇၁။ | ဒေါက်တာ ဆွေဆွေအေး | ပါမောက္ခ(ရန်ကုန်) | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| ၇၂။ | ဒေါက်တာမျိုးဝင်း | ပါမောက္ခ(ဌာနမှူး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၃။ | ဒေါက်တာသိန်းညွန့် (ညွန့်ဝေ၊ ကသဘ) | ပါမောက္ခ(ဌာနမှူး) ခွဲစိတ်ကုဆရာဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၄။ | ဒေါက်တာစိုးသိန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၅။ | ဒေါက်တာလှဖေ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၆။ | ဒေါက်တာစောဆိုင်မွန်သာ | ပါမောက္ခဌာနမှူး(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၇။ | ဦးသိန်းအောင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | အားကစားဝန်ကြီးဌာန |
| ၇၈။ | ဦးစိုးညွန့် | အင်ဂျင်နီယာချုပ် (အဆောက်အဦ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇၉။ | ဦးခင်ကြွယ် | အကြံပေးပုဂ္ဂိုလ်(ငြိမ်း) | နိုင်ငံတော်သမ္မတရုံး |
| ၈၀။ | ဦးအုံးမောင် | အကြံပေးပုဂ္ဂိုလ်(ငြိမ်း) | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး |
| ၈၁။ | ဦးစိုးဝင်း | အကြံပေးပုဂ္ဂိုလ်(ငြိမ်း) | မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန |
| ၈၂။ | ဦးသိန်းဝင်း | အကြံပေးပုဂ္ဂိုလ်(ငြိမ်း) | သစ်တောရေးရာဝန်ကြီးဌာန |
| ၈၃။ | ဦးလှတင် | အကြံပေးပုဂ္ဂိုလ်(ငြိမ်း) | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| ၈၄။ | ဦးတင်ဝင်း | ညွှန်ကြားရေးမှူး | တရားရုံးချုပ် (ရန်ကုန်) |
| ၈၅။ | ဦးဉာဏ်ထွန်း | ညွှန်ကြားရေးမှူး | တရားရုံးချုပ် |
| ၈၆။ | ဦးဝင်းတင် | တိုင်းတရားသူကြီး (ပဲခူးတိုင်း) | တရားရုံးချုပ် |
| ၈၇။ | ဦးစိုးမြင့်သိန်း | ညွှန်ကြားရေးမှူး | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး |
| ၈၈။ | ဦးတင်ထွေး | ဒုတိယအထွေထွေမန်နေဂျာ | ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန |
| ၈၉။ | ဒေါ်ညွန့်ညွန့်ရွှေ | ညွှန်ကြားရေးမှူး | အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| ၉၀။ | ဦးအေးကို | ညွှန်ကြားရေးမှူး | အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| ၉၁။ | ဦးစောနိုင် | ညွှန်ကြားရေးမှူး | ရှေ့နေချုပ်ရုံး |
| ၉၂။ | ဦးလှမြိုင် (ကိုဆောင်း) | အယ်ဒီတာချုပ်(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၉၃။ | ဦးတင်မောင်လွင် | တွဲဖက်ပါမောက္ခ၊ ပန်းချီ | ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၉၄။ | ဦးအောင်ကြည်သိန်း | ဒုတိယအထွေထွေမန်နေဂျာ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၉၅။ | ဦးဇော်မြင့် | ညွှန်ကြားရေးမှူး | သမဝါယမဝန်ကြီးဌာန |
| ၉၆။ | ဦးရဲမြင့်စိုး | ညွှန်ကြားရေးမှူး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၉၇။ | ဦးခင်မောင်ကြည် | ညွှန်ကြားရေးမှူး | အမှတ်(၂)စက်မှုဝန်ကြီးဌာန |
| ၉၈။ | ဦးငွေမိုး | ညွှန်ကြားရေးမှူး | အမှတ်(၂)စက်မှုဝန်ကြီးဌာန |
| ၉၉။ | ဦးစိုးမြင့် | ညွှန်ကြားရေးမှူး | အမှတ်(၂)စက်မှုဝန်ကြီးဌာန |
| ၁၀၀။ | ဦးကျော်ညွန့် | ညွှန်ကြားရေးမှူး | အလုပ်သမားဝန်ကြီးဌာန |
| ၁၀၁။ | ဦးတင်အောင်ဝင်း | ဒုတိယအထွေထွေမန်နေဂျာ | အလုပ်သမားဝန်ကြီးဌာန |
| ၁၀၂။ | ဦးပြေသိန်း | တွဲဖက်ပါမောက္ခ၊ သင်္ချာဌာန | ပညာရေးဝန်ကြီးဌာန |
| ၁၀၃။ | ဒေါက်တာအောင်မြင့်ဦး | တွဲဖက်ပါမောက္ခ | ပညာရေးဝန်ကြီးဌာန |
| ၁၀၄။ | ဒေါ်ချိုချိုစမ် | တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန | ပညာရေးဝန်ကြီးဌာန |
| ၁၀၅။ | ဒေါက်တာမြင့်သိန်း | ဌာနမှူး၊ သင်္ချာဌာန | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| ၁၀၆။ | ဦးအောင်သိန်း | ဒုတိယအင်ဂျင်နီယာချုပ်(လျှပ်စစ်) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၀၇။ | ဦးကျော်သန့် | ညွှန်ကြားရေးမှူး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၀၈။ | ဦးသောင်းရွှေ | ညွှန်ကြားရေးမှူး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၀၉။ | ဒုတိယဗိုလ်မှူးကြီးကျင်မောင် | ညွှန်ကြားရေးမှူး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၁၀။ | ဦးရန်နိုင် | ညွှန်ကြားရေးမှူး | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |
| ၁၁၁။ | ဦးအောင်မြင့်သူ | ညွှန်ကြားရေးမှူး | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |
| ၁၁၂။ | ဦးမြင့်အောင် | ညွှန်ကြားရေးမှူး | စာရင်းစစ်ချုပ်ရုံး |

*(ဆက်လက်ဖော်ပြပါမည်)*

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘောဒီးယားနိုင်ငံပြည်သူများမှ မိမိနှင့်အတူ အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြားနီးကပ်ပြီး ကာလရှည်ကြာသော ဆက်ဆံရေးမှာတူညီသော ယဉ်ကျေးမှုနှင့် ဘာသာတရားဓလေ့ထုံးတမ်းများ၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့အပေါ် အခြေခံထားခြင်းဖြစ်ပါသည်။ လာမည့်အနာဂတ်တွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး မိမိတို့ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆွေတော်အနေဖြင့် ကျန်းမာရွှင်လန်း၍ အေးချမ်းပါစေကြောင်းနှင့် မြန်မာနိုင်ငံပြည်သူအပေါင်း ငြိမ်းချမ်း၍ ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာရာနေးလ် ဝစ်ခရီမီဆင်းဟီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြလျက်ဆုမွန်ကောင်းပို့သအပ်ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာနှင့် တူညီသောယဉ်ကျေးမှုစံနှုန်းများအပေါ် အခြေခံလျက်ရှိသည့် သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကာလရှည်ကြာတည်ရှိနေသော ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးသည် ရာစုနှစ်ပေါင်းများစွာတိုင်အောင် ဆက်လက်တိုးတက်ခိုင်မာလျက်ရှိပါသည်။ လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုခိုင်မြဲလာမည်ဟုမိမိအနေဖြင့် ယုံကြည်ပါသည်။

မြန်မာပြည်သူများငြိမ်းချမ်းပျော်ရွှင်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်မဟာပဝရဓိပတိ ဟွန်မာနိုက်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအား ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား နှစ်ကာလကြာရှည်စွာ တည်ဆောက်ထားရှိခဲ့သည့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးမှာ ပိုမိုခိုင်မြဲလာကြောင်းတွေ့မြင်ရသည့်အတွက် မိမိအနေဖြင့်ဝမ်းမြောက်မိပါသည်။မိမိတို့နှစ်နိုင်ငံအကြားရှိ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့အတွက် နှစ်နိုင်ငံအကြားသာမက ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများအောက်မှ နှစ်နိုင်ငံအပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဖော်ဆောင်သွားနိုင်မည်ဟု မိမိယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် အဆွေတော်ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများ ဆက်လက်ရရှိပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားအားလပ်ရက်ဖြစ်သော လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ရုရှား-မြန်မာဆက်ဆံရေးသည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုရှိပါသည်။ မိမိတို့နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် အာရှ-ပစိဖိတ်ဒေသ တည်ငြိမ်မှုနှင့် လုံခြုံမှုပိုမိုခိုင်မာစေရေးအတွက် နယ်ပယ်ကဏ္ဍစုံတွင် နှစ်ဖက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများထပ်မံတိုးမြှင့်လုပ်ဆောင်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

၂၀၂၄ ခုနှစ် နှစ်သစ်အခါသမယတွင် အဆွေတော်အား နှုတ်ခွန်းဆက်သအပ်ပါသည်။ အဆွေတော်ကျန်းမာပျော်ရွှင်၍ အောင်မြင်မှုများရရှိပြီး မြန်မာပြည်သူများအားလုံးငြိမ်းချမ်း၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေးလ် မီရှူစတင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အမျိုးသားရုံးပိတ်ရက်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ကိုယ်စား မိမိက ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံသည် ချစ်ကြည်ရင်းနှီးသော မိတ်ဖက်ဆက်ဆံရေးရှိပါသည်။ မိမိတို့နှစ်နိုင်ငံအစိုး၏တက်ကြွသောပူးတွဲလုပ်ဆောင်ချက်သည် ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်ကျန်းမာချမ်းသာပြီး လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် ခင်မင်ဖော်ရွေသော မြန်မာပြည်သူများ ပျော်ရွှင်၍သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရိုမန် ဂိုလော့ဗ်ချန်ကိုထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဘယ်လာရုစ်သမ္မတနိုင်ငံအစိုးရကိုယ်စားမိမိအနေဖြင့် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ဘယ်လာရုစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန်နားလည်ယုံကြည်မှု၊ လက်ရှိကမ္ဘာနှင့်ဒေသတွင်းရေးရာများအပြင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို လျှောက်လှမ်းရာ၌ မိမိတို့၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုအခွင့်အရေးဖြင့် ဆောင်ရွက်မှုတို့အပေါ် တူညီသောအမြင်ရှိမှုတို့ကိုအခြေခံ၍ ကောင်းမွန်သည့် ဆက်ဆံရေးကို တည်ဆောက်ထားပါသည်။

ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ထိတွေ့ဆက်ဆံမှုများတိုးမြှင့်သွားရန်ဆန္ဒရှိပြီး နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေမည့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တဖြည်းဖြည်းမြှင့်တင်သွားရန် ရည်ရွယ်ပါသည်။

စီးပွားရေးအရ ထိတွေ့ဆက်ဆံမှုများကို အရှိန်မြှင့်တင်ခြင်းနှင့် ပူးတွဲစီးပွားရေးစီမံချက်များကိုအကောင်အထည်ဖော်ခြင်းက နှစ်နိုင်ငံအောင်မြင်သော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် ဘယ်လာရုစ်-မြန်မာနှစ်နိုင်ငံပြည်သူများ၏သာယာဝပြောမှုတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေမည်ဟု မိမိတို့အနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်ကျန်းမာစေရန်နှင့် နိုင်ငံ့တာဝန်များထမ်းဆောင်ရာတွင် အောင်မြင်မှုများရရှိပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာဒ်ဒီယဲလာဘိုယီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခါသမယတွင် အယ်လ်ဂျီးရီးယားအစိုးရကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် အဆွေတော်၏ လုပ်ငန်းဆောင်တာများ ဖြစ်ထွန်းအောင်မြင်ရန် လှိုက်လှိုက်လှဲလှဲဆုမွန်ကောင်းတောင်းအပ်ပါသည်။

ယခုကဲ့သို့ ပျော်ရွှင်ဖွယ်အခါသမယတွင် အယ်လ်ဂျီးရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများခိုင်မာစေရန်နှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည်ကိစ္စရပ်များအပေါ် ဆွေးနွေးနိုင်ရန် နှစ်နိုင်ငံအကြား နိုင်ငံရေးရာဆွေးနွေးပွဲများထူထောင်ရန် မျှော်လင့်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဦးသန်းဆွေထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆုပ်ဂျန်ဒါ ဆိုပီးအာထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ မိမိမှဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ကာလရှည်ကြာတည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ကဏ္ဍရပ်များစွာ၌ နီးကပ်သောပူးပေါင်းဆောင်ရွက်မှုများမှာ ခိုင်မာ၍ အကျိုးဖြစ်ထွန်းလျက်ရှိသော နှစ်နိုင်ငံဆက်ဆံရေး၏သက်သေများဖြစ်သည်ကို ဝမ်းမြောက်စွာမှတ်သားမိပါသည်။ လာမည့်နှစ်များအတွင်း မိမိတို့နှစ်နိုင်ငံအကြားတည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုတို့အနေဖြင့် ပိုမိုတိုးတက်ဖြစ်ထွန်းလာလိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ မိမိတို့နှစ်နိုင်ငံဆက်ဆံရေးအား ပိုမိုခိုင်မာစေရန်နှင့် နှစ်နိုင်ငံနှင့် ဒေသတွင်း ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် သာယာဝပြောမှုတို့အတွက် ဒေသတွင်းနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမူဘောင်များအောက်၌ အဆွေတော်နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန်အသင့်ရှိပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ ပြည်သူများ ပိုမိုသာယာဝပြောစေပါကြောင်းနှင့် အဆွေတော်၏ ကြိုးပမ်းဆောင်ရွက်ချက်အားလုံးအနေဖြင့် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဦးသန်းဆွေထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အလီဆာဘရီထံမှ ပေးပို့သည့်ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ နွေးထွေးလှိုက်လှဲစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်နိုင်ငံအကြား ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာတူညီမှုများကိုအခြေခံ၍ တည်ရှိခဲ့သော ချစ်ခင်ရင်းနှီးသည့်ဆက်ဆံရေးသည် ဆက်လက်တိုးတက်ခိုင်မာလာသည်ကို မိမိအနေဖြင့် ဝမ်းမြောက်စွာတွေ့မြင်ရပါသည်။ နှစ်နိုင်ငံအကြား ကာလရှည်ကြာတည်ရှိခဲ့သော ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မြဲလာစေရေးနှင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်နယ်ပယ်များတွင် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်သူများ စဉ်ဆက်မပြတ်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဦးသန်းဆွေထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လက်ဗ်ရော့ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားအားလပ်ရက်ဖြစ်သော လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ဖြင့် ဖော်ကျူးထားသည့် မြန်မာနိုင်ငံနှင့်ဆက်ဆံရေးအပေါ် မိမိတို့အနေဖြင့် လွန်စွာကျေနပ်အားရမိပါသည်။ ယုံကြည်မှုကိုအခြေခံသည့် နိုင်ငံရေးဆွေးနွေးပွဲ၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ထိတွေ့ဆက်ဆံမှုများနှင့် နိုင်ငံတကာနှင့် ဒေသတွင်းမျက်နှာစာတို့တွင် ညှိနှိုင်းဆောင်ရွက်မှုများကိုတစိုက်မတ်မတ်မြှင့်တင်ရန် ရည်ရွယ်ပါသည်။ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ခြင်းဖြင့် မိမိတို့နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် အာရှ-ပစိဖိတ်ဒေသငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်စေမည်ဟု မိမိတို့အနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံး ကျန်းမာ၊ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဦးသန်းဆွေထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေး အယ်လယ်နိုဗ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့်အဆွေတော်ထံသို့ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့် စက်တင်ဘာလအတွင်းက မင့်စ်မြို့တွင် အဆွေတော်နှင့်တွေ့ဆုံဆွေးနွေးခဲ့မှုကို ကောင်းစွာအမှတ်ရလျက်ရှိပါသည်။ ယင်းတွေ့ဆုံမှုတွင် အကျိုးရှိရှိဆွေးနွေးနိုင်ခဲ့မှုနှင့် နှစ်နိုင်ငံရေးရာများကို ကျယ်ကျယ်ပြန့်ပြန့်အမြင်ချင်းဖလှယ်နိုင်ခဲ့သည့်အခြေအနေများကို မိမိအနေဖြင့် ဝမ်းမြောက်စွာမှတ်သားမိပါသည်။

ထိုသို့တွေ့ဆုံဆွေးနွေးမှုများသည် အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့ကို တိုးမြှင့်စေရေးအထောက်အကူပြုပြီး နှစ်နိုင်ငံအကြား နောက်ထပ်ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းသစ်များကို ဖွင့်လှစ်ဖော်ဆောင်ပေးသည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ဘယ်လာရုစ်နိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါကြောင်းနှင့် မိမိတို့နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နိုင်ငံရေးရာညှိနှိုင်းဆွေးနွေးပွဲများမှတစ်ဆင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မိမိအနေဖြင့် မင့်စ်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ အကျိုးဖြစ်ထွန်းသော လုပ်ငန်းဆောင်ရွက်မှုအထူးသဖြင့် ကုန်သွယ်ရေးကဏ္ဍအတွက် ကျေးဇူးတင်အသိအမှတ်ပြုပါသည်။

အဆွေတော် ကျန်းမာစေရန်နှင့် လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် အောင်မြင်မှုများ ဆက်လက်ရရှိပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဦးသန်းဆွေထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စချွဲဆွန်းဟွာထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော်၏လုပ်ငန်းဆောင်တာများအောင်မြင်စေရန် ဆုမွန်ကောင်းများပို့သအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ပါမောက္ခဒေါက်တာမောင်မောင်ဝင့်**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**
**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နေ ဒေါ်လဲ့လဲ့ယု၏ချစ်လှစွာသောခင်ပွန်း ပါမောက္ခဒေါက်တာမောင်မောင်ဝင့်(ငြိမ်း)သည် ၂၉-၁၂-၂၀၂၃ ရက်(သောကြာနေ့) နံနက် ၀၆း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

---

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၅၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mmi
Website Address - http://www.accm.gov.mm

---

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ( ပိုက်ဆန်လျှော်) ဧက ၂၅၀၀ စိုက်ပျိုးပြီးစီး


ယခင်နှစ်က သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စိုက်ခင်းကိုတွေ့ရစဉ်။

**မြောင်းမြ ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၅၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၅၀၀ ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧကအားလုံး ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပိုက်ဆန်လျှော်ကို စိုက်ပျိုးတာက အကျိုးကျေးဇူးများစွာ ရှိပါတယ်။ စိုက်ပျိုးမြေတွေမှာ ဓာတုဓာတ်မြေဩဇာတွေသုံးစွဲမှု လျော့နည်းသွားမယ်။ ဓာတ်မြေဩဇာတွေကြောင့် မြေဆီလွှာပျက်စီးတာတွေ လျော့နည်းမယ်။ ဒါ့ပြင် ပိုက်ဆန်လျှော်ထည့်စိုက်တဲ့အတွက် ထွက်လာတဲ့သီးနှံမှာလဲ ဓာတုဓာတ်ကြွင်းတွေပါရှိလာမှု လျော့ကျသွားမှာဖြစ်ပါတယ်။ ဒါကြောင့်ပိုက်ဆန်လျှော်ကို ဧက ၂၅၀၀ ထိ လျာထားစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ ပိုက်ဆန်လျှော်(သစ်စိမ်းမြေဩဇာ) စိုက်ပျိုးတဲ့လုပ်ငန်းကို သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ကို စိုက်ပျိုးပြီး မြေဩဇာ အစားထိုးမြှန်လည်ထည့်သွင်းအသုံးပြုခြင်းကြောင့် ဓာတ်မြေဩဇာများအသုံးပြုမှုကို လျှော့နည်းခြင်း၊ ဓာတုဓာတ်မြေဩဇာများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုသက်သာခြင်း၊ စပါးစိုက်ပျိုးသည့်အခါ ထည့်သွင်းစိုက်ပျိုးပါက စပါးများဖြစ်ထွန်းအောင်မြင်ခြင်း၊ စပါးအရည်အသွေးများကောင်းခြင်း၊ စားသုံးသီးနှံများ ဘေးအန္တရာယ် ကင်းရှင်းခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများ စားသုံးလာနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များကို ဆင့်ပွားထုတ်လုပ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ များစွာရရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

---

# ဆင်ပေါင်ဝဲမြို့နယ် အင်းပက်လက်ကျေးရွာတွင် မြေနီကျောက်စရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာအုပ်စု အင်းပက်လက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အင်းပက်လက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်းလမ်း အရှည် ပေ ၇၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးကကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ မြေနီ ကျောက်စရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆင်ပေါင်ဝဲမြို့နယ် အင်းပက်လက်ကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၉၂ သန်းအသုံးပြု၍ ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှု၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

**အထွေး**

---

**စာမျက်နှာ ၂၅ မှအဆက်**

**ဆေးပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)**

၁။ ဒေါက်တာဝင်းမင်းထွန်း — အထူးကုဆရာဝန် (အရိုး) — ကျန်းမာရေးဝန်ကြီးဌာန

**ဆေးပညာထူးချွန်တံဆိပ် (တတိယဆင့်)**

၁။ ဗိုလ်မှူး ဖြိုးမောင်မောင် — ကာကွယ်ရေးဝန်ကြီးဌာန

**နည်းပညာထူးချွန်တံဆိပ် (ပထမဆင့်)**

၁။ ဗိုလ်မှူး အောင်ရာဇာ (ငြိမ်း) — ကာကွယ်ရေးဝန်ကြီးဌာန

**နည်းပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)**

၁။ ဗိုလ်မှူးချုပ် ငွေအောင် — ကာကွယ်ရေးဝန်ကြီးဌာန
၂။ ဗိုလ်မှူးကြီး နိုင်အောင် — ကာကွယ်ရေးဝန်ကြီးဌာန

**နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်)**

၁။ ဒုတိယဗိုလ်မှူးကြီး သိန်းသန်းငွေ — ကာကွယ်ရေးဝန်ကြီးဌာန
၂။ ဒုတိယဗိုလ်မှူးကြီး အောင်ဇော်လတ် — ကာကွယ်ရေးဝန်ကြီးဌာန
၃။ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်း — ကာကွယ်ရေးဝန်ကြီးဌာန
၄။ ဒုတိယဗိုလ်မှူးကြီး ဝင်းဗိုလ် — ကာကွယ်ရေးဝန်ကြီးဌာန
၅။ ဗိုလ်မှူး ကျော်ဇေယျာအောင် — ကာကွယ်ရေးဝန်ကြီးဌာန
၆။ ဗိုလ်မှူး ဇော်မင်းထွန်း — ကာကွယ်ရေးဝန်ကြီးဌာန
၇။ ဗိုလ်မှူး အောင်ထူးကျော် — ကာကွယ်ရေးဝန်ကြီးဌာန
၈။ ဗိုလ်မှူး ကျော်မျိုးဟိန်း — ကာကွယ်ရေးဝန်ကြီးဌာန
၉။ ဗိုလ်မှူး တင်ထွန်းအောင် — ကာကွယ်ရေးဝန်ကြီးဌာန
၁၀။ ၇၄၁၂၆၄ — အရာခံဗိုလ် ငွေလွင် — ကာကွယ်ရေးဝန်ကြီးဌာန
၁၁။ ၂၁၉၉၃ — ဒုတိယအရာခံဗိုလ်/ ၃၁ ဇော်လွင်ဦး — ကာကွယ်ရေးဝန်ကြီးဌာန

**အနုပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)**

၁။ တေးသံရှင် သန်းသန်း(ခ) မေကျော့ရှင်း — တေးသံရှင်
၂။ ဦးနန်းဝင်း — ဇာတ်သဘင်ပညာရှင်
၃။ ဦးမြစည်သူ — ဆိုင်းပညာရှင်
၄။ ဒေါ်နန်းခင်မွေး — ဇာတ်သဘင်ပညာရှင်
၅။ ဦးဗိုလ်စိုး(ခ) ဂီတမှူးကိုစိုး — ဂီတပညာရှင်

**အနုပညာထူးချွန်တံဆိပ်(တတိယဆင့်)**

၁။ ဦးကျော်ဦး — ဆပ်ကပ်ပညာရှင်
၂။ ဒေါ်မြတ်နုသွေး(ခ) ဒေါ်မြတ်သူဇာအေး — ဇာတ်သဘင်ပညာရှင်

**စာပေပညာထူးချွန်တံဆိပ်(တတိယဆင့်)**

၁။ ဦးဇော်မင်းဦး (ဇော်မင်းမင်းဦး) — စာရေးဆရာ
၂။ ဒေါ်သိန်းဆိုင်(ခ) မမြတ်လေး — စာရေးဆရာမကြီး

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကောလင်းမြို့နှင့် ကျောက်တော်မြို့နယ် မျောက်တောင်ရွာကို တပ်မတော်က ပစ်ခတ်မှုကြောင့် ပြည်သူအချို့သေဆုံး ဒဏ်ရာရဟု သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ










**နေပြည်တော် ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့သို့ ဝန်းသိုမြို့တွင်အခြေစိုက်သည့် တပ်ရင်းက ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီခန့်တွင် လက်နက်ကြီးဖြင့် ခြောက်ကြိမ်ခန့် ပစ်ခတ်ခဲ့ရာ ကောလင်းမြို့လယ်ရှိ လူစည်ကားရာ အရှေ့ဈေးအနီး ကျရောက်ပေါက်ကွဲသဖြင့် ဒေသခံခြောက်ဦး သေဆုံးကာ ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာ Myanmar Now က လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်နှင့် အခြားသတင်းများအရ ဇန်နဝါရီ ၂ ရက်တွင် တပ်မတော်က ကောလင်းမြို့တွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုမရှိကြောင်းနှင့် ယင်းနေ့နံနက်ပိုင်းတွင် လုံခြုံရေးတာဝန် ထမ်းဆောင်နေသော တပ်မတော်စစ်ကြောင်းကို အကြမ်းဖက်အဖွဲ့များက လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့ပြီး ၎င်းလက်နက်ကြီးကျည်အချို့သည် အများပြည်သူနေထိုင်ရာ ကောလင်းမြို့တွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ မျောက်တောင်ရွာကို ဇန်နဝါရီ ၂ ရက်တွင် တပ်မတော်က ဒရုန်းဖြင့် နှစ်ကြိမ် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အသက်သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် ပြည်သူ နှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်းကို AA သတင်းအရင်းအမြစ်က ပြောဆိုသည်ဟု သတင်းတု၊ သတင်းမှားများကို Khit Thit နှင့် Mizzima တရားမဝင်ပြည်ဖျက် မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကျောက်တော်မြို့နယ် မျောက်တောင်ရွာကို တပ်မတော်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းမရှိကြောင်း AA လက်နက်ကိုင် သောင်းကျန်းသူများက ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးပျက်ပြားစေရန်နှင့် တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် လက်နက်ကြီးများ၊ Drone များဖြင့် ကျေးရွာများသို့ အလစ်အငိုက် ပစ်ခတ်တိုက်ခိုက်လျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို ကာကွယ်ပေးလျက်ရှိပြီး ၎င်းတို့၏ လုပ်ရပ်များကို တပ်မတော်သို့ အပြစ်ပုံချကာ တပ်မတော်ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိ သတင်းမှားများ လုပ်ကြံဖန်တီးရေးသားကာ ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# တပ်မတော်က လက်နက်ကြီးပစ်ခတ်မှုများကြောင့် မင်းပြားနှင့် ရမ်းဗြဲမြို့တို့တွင် နေအိမ်များနှင့် ဈေးဆိုင်ခန်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်နှင့် ရမ်းဗြဲမြို့နယ်တို့တွင် တပ်မတော်က တိုက်ပွဲမရှိဘဲ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် နေအိမ်များ၊ ဈေးဆိုင်ခန်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Western News က လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ ဇန်နဝါရီ ၂ ရက် နံနက် ၄ နာရီခန့်က မင်းပြားမြို့နယ်အတွင်း AA သောင်းကျန်းသူအဖွဲ့နှင့် ထိတွေ့ပစ်ခတ်မှုအချို့ဖြစ်ပွား၍ သောင်းကျန်းသူများ ထိခိုက်ဒဏ်ရာရရှိကာ ဆုတ်ခွာထွက်ပြေးသွားကြောင်း သိရှိရပြီး မင်းပြားမြို့၊ ရမ်းဗြဲမြို့တို့ကို တပ်မတော်က လက်နက်ကြီး၊ လေယာဉ်အသုံးပြုပစ်ခတ်တိုက်ခိုက်ခြင်းများမရှိခဲ့ကြောင်းနှင့် တစ်ဖက်သတ်စွပ်စွဲ လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သက်ဆိုင်ရာ နယ်မြေလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

သို့ဖြစ်ပါ၍ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံတော်အစိုးရ၏ တည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေမှုများကို ထိခိုက်စေရန်နှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ထိုးနှက်ရေးသားခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# လောက်ကိုင်မှ အွန်လိုင်းတွင် ငွေလိမ်လည်သည့် အဖွဲ့ခေါင်းဆောင်များကို တပ်မတော်မှ ရဟတ်ယာဉ်ဖြင့် ခေါ်ထုတ်ပြောင်းရွှေ့ပေးနေသည်ဟု မဟုတ်မမှန် သတင်းတု၊ သတင်းမှားများဖြန့်ဝေ




**နေပြည်တော် ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မှ အွန်လိုင်းတွင် ငွေလိမ်လည်သည့် အဖွဲ့ခေါင်းဆောင်များကို တပ်မတော်က ရဟတ်ယာဉ်ဖြင့် ခေါ်ထုတ်ပြောင်းရွှေ့ပေးနေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media က သတင်းတု၊ သတင်းမှားများ ဖြန့်ဝေရေးသား၍ ဝါဒဖြန့်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းတွင်လိမ်လည်ခြင်း၊ လောင်းကစားပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန် ဥပဒေများ ထုတ်ပြန်ထားရှိပြီးဖြစ်ကြောင်း၊ ထိုသို့ အွန်လိုင်းတွင်လိမ်လည်ခြင်း၊ လောင်းကစားပြုလုပ်ခြင်း လုပ်ကိုင်နေသူများကို စိစစ်ဖော်ထုတ်၍ ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိထားသည့် ပြည်ပနိုင်ငံများမှ အွန်လိုင်းလိမ်လည်ခြင်းလုပ်ငန်း လုပ်ဆောင်သူများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိုသို့ဆောင်ရွက်မှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိသည်။

သို့သော် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့တို့အနေဖြင့် နိုင်ငံတော်က Online လိမ်လည်ခြင်း၊ လောင်းကစားခြင်းများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေမှုများအပေါ် မသိကျိုးကျွန်ပြု၍ ပြည်သူလူထုနှင့် နိုင်ငံတကာစာမျက်နှာတွင် နိုင်ငံတော်နှင့်တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ သတင်းတု၊သတင်းမှားများကို ဝါဒဖြန့်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ထန်းပင်လှရွာနှင့် ကလေးမြို့နယ် ဒိုးဝိုင်းချောင်းရွာကို လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ထန်းပင်လှရွာနှင့် ကလေးမြို့နယ် ဒိုးဝိုင်းချောင်းရွာကို ဇန်နဝါရီ ၂ ရက်တွင် လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit Media က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေများမှ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ဇန်နဝါရီ ၂ ရက်တွင် မုံရွာမြို့နယ် ထန်းပင်လှရွာနှင့် ကလေးမြို့နယ် ဒိုးဝိုင်းချောင်းရွာတို့ရှိ အနီးဝန်းကျင်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ခြင်း၊ နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းမရှိကြောင်း သိရသည်။

နယ်မြေလုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် ထိန်းသိမ်းဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများက အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းမှားများကို အကြမ်းဖက်အားပေး မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊
လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြု၍ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

The Best Quality Tyre

အရည်အသွေးမြင့်မား တာယာ မှာ

# TRISTAR







**TBB,TBR,PCR** တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဝန်ထမ်းအလိုရှိသည်

လျှပ်စစ်ပစ္စည်း ဖြန့်ချိရေးလုပ်ငန်းအတွက် အမှန်တကယ်ကြိုးစားအလုပ်လုပ်ချင်သော ဝန်ထမ်းများ အလိုရှိသည်။

* အမှတ်စဉ် (1) မန္တလေးရုံးတွင် တာဝန်ထမ်းဆောင်ရန်
  - **စာရင်းကိုင်** မ (2) ဦး
  - လုပ်ငန်းအတွေ့အကြုံ (2)နှစ်နှင့်အထက်
* အမှတ်စဉ် (2) ရန်ကုန်ရုံးတွင် တာဝန်ထမ်းဆောင်ရန်
  - **Sales Representative** ကျား/မ (2) ဦး
  - အရောင်းအတွေ့အကြုံ (2)နှစ်နှင့်အထက်

အမှတ်စဉ်အားလုံးအတွက် ပညာအရည်အချင်း အနည်းဆုံး အထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ အသက် (23)နှစ်မှ (30)နှစ်ကြား ဖြစ်ရမည်။ လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

- **အလုပ်လျှောက်ထားရန်အချိန်**။ ။ နံနက် (9)နာရီမှ ညနေ (5)နာရီအထိ(ဥပုသ်ပိတ်)
- **လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်**။ ။ 20-1-2024

လိပ်စာ-Quality Star Distribution Group Co;Ltd. 67 Aလမ်း၊ 42 လမ်းထောင့်
ဖုန်း- 09-798925833 , 09-773688880 , 09-772688880

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်နေ ရှိရှိစန်း (ဘ) ဦးလော်ကောင်းရှိ (၉/ပသက (နိုင်)၀၃၃၉၃၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-107616) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၃၁၃၇၁၀၇**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**စာပေ မြင့်မှ လူမျိုး တင့်မည်**


ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက် ရှူလမ်းကြောင်းကို တိုးတက်ကောင်း မွန်စေသည်။




## အိတ်ပိတ်တင်ဒါ (Close Tenders) ခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက် လလ/၆၃ (၂၃+၂၄)၊ လလ/၆၁(၁+၂)၁၄၃လမ်း၊ ၅၂လမ်း× ၅၃လမ်းကြားရှိ Grand Royal Group International Co.,Ltd တွင် အောက်ဖော်ပြပါ ပလတ်စတစ်များ၊ စက္ကူအပျက်များ၊ Closure ပုလင်းဖုံး(ဒန်ဖုံး/ကော်ဖုံးပျက်များ)၊ Flavour ပုံးခွံများ၊ ပုလင်းကွဲ (အဖြူရောင်)၊ ကော်ခြင်းပျက်များ၊ ပုလင်းပိုင်အောက်ခံ ကြိတ်ပြား၊ Emp-tyDrum (ကော်ပုံးများ)၊ သံတိုသံစများ စသည့်ပစ္စည်းများအား အိတ်ပိတ်တင်ဒါစနစ် (လပြတ်)ဖြင့် လစဉ်လတိုင်း ရောင်းချမည်ဖြစ်ပါ၍ တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ် ပြည့်စုံစွာဖော်ပြရန်။

ကုမ္ပဏီ/စက်ရုံမှ တင်ဒါခေါ်ယူမည့်ရက်အား (၃)ရက်ကြိုတင်အကြောင်းကြားပါမည်။

* တင်ဒါလျှောက်လွှာအား စက်ရုံတွင် အခမဲ့ ထုတ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၉-၄၀၂၆၁၀၈၂၈၊ ၀၂-၅၁၅၂၄၄၁

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန်မှီခိုနေရခြင်းကြောင့် အပြန်အလှန်အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

# နေပြည်တော် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ နေပန်လပန်ရွှေဟောင်းစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တင်လှူပူဇော်ပွဲနှင့် ပုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ နေပန်လပန်ရွှေဟောင်းစေတီတော် ရွှေထီးတော်၊ငှက်မြတ်နားတော်၊ရတနာစိန်ဖူးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။


သာသနာတော်ဆိုင်ရာ
ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း
စာမျက်နှာ - ၆

ဂုဏ်ထူးဆောင်ဘွဲ့များ၊
ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း
စာမျက်နှာ - ၂၂

စွမ်းဆောင်မှုဆိုင်ရာ
ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်း
စာမျက်နှာ - ၂၆


ယနေ့ထုတ် ရတနာပုံနေ့စဉ်သတင်းစာတွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အချပ်ပိုစာမျက်နှာ လေးမျက်နှာ ပါရှိပါသည်။




# ရတနာပုံ

(76)Ekpfjrmuf vGwfvyfa&;aeY

yadanarbonnews.com

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈) ရက်၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ ကြာသပတေးနေ့ အချပ်ပို(က)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။







(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြုကဗျာ

## အထွတ်အမြတ်တွေး လွတ်လပ်ရေး

➤ နှစ်ပေါင်းသိန်းသန်း၊ ကိန်းဂဏန်းအသင်္ချေ
သည်ရေမြေသည်တောင်တော၊ သာမောတည်ရှိနေ
အလှဝေမြန်မာ့မြေ၊ တို့ဌာနေအမွေအနှစ်
ကမ္ဘာမကျေ၊ မြန်မာပြေ(ပြည်)
မြန်မာတွေမြတ်နိုး ချစ်ကြသည်တည့်လေး။

➤ မြန်မာဟူသည်အရင်းအမြစ်၊ ဆန်းစစ်ကြည့်လေလျှင်
ကချင် ကယား ကရင် ချင်း၊ သွေးရင်းဗမာမွန်ပင်
ရခိုင်ရှမ်းပါဝင်၊ တိုင်းရင်းသားတွေစုံလင်ကြောင်း
ပေါင်းစုညီညာ၊ နေထိုင်လာ
နှစ်တွေရှည်ကြာညောင်း ခဲ့ပြီတည့်လေး။

➤ ကံမကောင်းအကြောင်းမလှ၊ အတိတ်ကတစ်ခါဆီ
အချုပ်အခြာအာဏာတန်ခိုး၊ နွမ်းညှိုးခဲ့ရသည်
ရွှေမှန်ကင်း အစစ်သည်၊ ထင်းတစ်လီဖြစ်ခဲ့ရ
နယ်ချဲ့အကြံအစည်၊ ဉာဏ်ပလီ
တိုင်းပြည်ကျွန်ဘဝ ရောက်ရသည့်တည့်လေး။

➤ မြန်မာ့လွတ်လပ်ရေးအတွက်၊ သွေးအသက်ပေါင်းများစွာ
ပြည်သူတွေ အထပ်ထပ်၊ ပေးဆပ်ခဲ့ရပါ
တစ်ပြည်လုံးညီညာ၊ တော်လှန်ကာတိုက်ထုတ်
နယ်ချဲ့အိမ်ပြန်၊ အချိန်တန်
နိုင်ငံ အဟုတ် လွတ်လပ်ခဲ့ပြီတည့်လေး။

➤ တွေးထုတ်အဖြေညှိ၊ သတိထားကြအစဉ်သာ
လွတ်လပ်ရေး မဆုံးရှုံးဖို့၊ တိုင်းရင်းသားတို့ညီညွတ်ပါ
လွတ်လပ်ရေးဆိုသည်မှာ၊ ရှိတဲ့အခါ မသိသာပြား
မရှိတော့သည်အခါ၊ ရဖို့ရာ
သွေးသက်များစွာ ပေးဆပ်သွားရတတ်သည်တည့်လေး။

➤ တိုင်းရင်းသားညီနောင်များ အထွတ်အမြတ်တွေးစေချင်။
ရှိုင်းပင်းအား ပြည်ထောင်တစ်လွှား လွတ်လပ်ရေးနေ့တွင်။ ။

မြင်းမူမောင်နိုင်မိုး